# အာဒ်ဝင်တူးကာလ တတိယတနင်္ဂနွေနေ့

ရှင်လုကာ ၃း၁၀-၁၈

ယနေ့ ဖတ်ရတဲ့ ကျမ်းစာတွေက ကျနော်တို့ကို ဝမ်းမြောက်ကြဖို့၊ ပျော်ကြဖို့ နှိုးဆော်ထားတဲ့ အကြောင်း ကြားနာရပါတယ်။ ဝမ်းမြောက်ဖို့ ပျော်ကြဖို့ ဆိုတာက ကိုယ်ပျော်ချင်မှ ဖြစ်တာပါ။ သူတစ်ပါးက ကိုယ့်ကို ပျော်ခိုင်းလို့ မရပါဘူး။ ဝမ်းမြောက်တယ်၊ ပျော်တယ်ဆိုတာ ကိုယ့်ရဲ့မူပိုင်ပါ။ ဥပမာ - ကျနော်က သင်တို့ကို ပျော်အောင် သီချင်းဆိုပြတယ်၊ ကပြတယ်ဆိုရင်တောင် သင်တို့က ပျော်ချင်မှပျော်မှာလေ။ တစ်ချို့က မပျော်တဲ့အပြင် သီချင်းဆိုပြတဲ့ကျနော့်ကို ဆဲရင်ဆဲလိမ့်အုံးမယ်။ ဒါကြောင့် ပျော်ရွှင်ခြင်းဟာ သင့်ရဲ့မူပိုင်ပါ၊ သင့်ရဲ့ပင်ရင်းပါ။ သင့်မှာ ပျော်ချင်တဲ့ခါတ်ခံ ရှိမှ ပျော်နိုင်မှာပါ။ လောကမှာ ဆင်းရဲသည်ဖြစ်စေ၊ ချမ်းသာသည်ဖြစ်စေ၊ ကျန်းမာသည်ဖြစ်စေ၊ ဖျားနာသည်ဖြစ်စေ မပျော်နိုင်မရွှင်နိုင် ဖြစ်နေရတာက သိတ်ကို နာစရာကောင်းပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျနော်တို့လူသားတွေမှာ ပျော်စရာအကြောင်းရှိပါရဲ့နဲ့ မပျော်နိုင်ကြလို့ပါပဲ။ ပျော်စရာအကြောင်းရင်းက ဘာလဲ။

ယနေ့ ပထမဖတ်ရတဲ့ ပရောဖက် ဇေဖနိယကျမ်းစာမှာ "အို ဇိအုန်၏သမီး၊ ဝမ်းမြောက်ခြင်းနှင့် ကြွေးကြော်လော့။ သင်၏ဘုရားသခင်သည် သင့်အလယ်၌ရှိ၍ သူသည် တန်ခိုးကြီးသော ကယ်တင်ရှင် ဖြစ်တော်မူ၏။" ဘာဖြစ်လို့ ပျော်စရာဖြစ်ရသလဲဆိုတော့ တန်ခိုးကြီးတဲ့ဘုရားက သင့်တို့အလယ်မှာ ရှိနေလို့၊ ဘုရားနဲ့အတူရှိနေလို့ ပျော်စရာဖြစ်ရတာပါ။

ကျနော်တို့ လက်တွေ့ တွေ့ကြုံခံစားနေရတာကတော့ စိုးရိမ်စိတ်တွေ များနေတယ်၊ ကြောက်ရွံ့စိတ်တွေ ရှိနေတယ်။ အနာဂတ်အတွက် စိုးရိမ်တယ်။ ကိုယ့်ကျန်းမာရေးအတွက် စိုးရိမ်တယ်၊ စီးပွါးရေးအတွက် စိုးရိမ်တယ်။ ကိုယ်ချစ်တဲ့သူတွေအတွက် စိုးရိမ်နေကြတယ်။ ကျနော်တို့ ခရစ်ယာန်တွေရဲ့ ပျော်ရွှင်ခြင်းဆိုတာက ဒုက္ခကင်းဝေးနေလို့ရယ် မဟုတ်ပါဘူး။ ဘုရားက ကျနော်တို့နဲ့ အနီးအပါးမှာ ရှိနေတာကို သိရှိခံစားနေရလို့ ပျော်နိုင်တာပါ။

ဒါကြောင့် ရှင်ပေါလူးကလည်း သူ့ရဲ့ ဖိလိပိမြို့သားတို့ထံ ရေးတဲ့စာမှာ " အစဉ်အမြဲ ဝမ်းမြောက်ကြလော့။ သခင်ဘုရား ကြွရောက်ရန် နီးကပ်လာလေပြီ။" တဲ့။ ဘယ်လိုအခက်အခဲ ဒုက္ခတွေပဲ ကြုံကြုံ "ကျေးဇူးတော်ကို ချီးမွမ်းပြီး ဆုတောင်း အသနားခံပါ။ သင်တို့ ဆုတောင်းတာကို ဘုရားသခင် သိရင် တော်ပြီ၊ ကျေနပ်ပြီ။ ဒါဆိုရင် ဘုရားကသာ ပေးနိုင်တဲ့ ငြိမ်းချမ်းသာယာခြင်းနဲ့ အမြဲစိတ်ချမ်းသာ ပျော်ရွှင်နေပါလိမ့်မယ်။

ဒါကြောင့် စိတ်ပျော်ရွှင်နေရတာက ကိုယ်က ဘုရားနဲ့အတူရှိနေတာကို သိရှိခံစားနေရလို့ ဖြစ်ပါတယ်။ ကိုယ်က မျှော်လင့်စောင့်စားနေတဲ့ကယ်တင်ရှင်က အခု ကိုယ်နဲ့အတူ ရှိနေတယ်ဆိုတာ သိရှိခံစားနေရမှတော့ ကောင်းကင်ဘုံမှာ ပျော်ရွှင်ရမည့်အပျော်အရွှင်တွေကို အခုကတည်းက ကြိုတင်ခံစားနေရတာပါပဲ။

ဘုရားနဲ့ နီးစပ်နေတာကို သင် ဘယ်လိုသိရှိခံစားနိုင်ပါသလဲ။ ကိုယ့်အပြစ်တွေကို ဘုရားက ခွင့်လွှတ်တဲ့အခါ သိရှိခံစားရတာပါ။ ဘုရားဆိုတာ ကောင်းမြတ်လို့ လူတွေရဲ့အပြစ်တွေကို

အမှတ်မထား၊ အငြိုးမထားတာကို သိရတဲ့အခါ ဘုရားနဲ့ နီးတာကို သိရှိခံစားရပါတယ်။ ဒါကြောင့် ရှင်ယောဟန်ဗတ္တိစ္စတားက နောင်တရတဲ့သူတွေကို ရေဖြင့် ဆေးကြောခြင်းအားဖြင့် ဘုရားနဲ့ နီးနေတာကို ခံစားမိစေပါတယ်။

လူက ခွင့်လွှတ်ခံရတာကို သတိပြုမိရုံနဲ့ မလုံလောက်သေးပါဘူး။ ငါတို့ကို ခွင့်လွှတ်တဲ့ဘုရားကို ဘယ်လိုတုန့်ပြန်ကြမလဲဆိုတာ စဉ်းစားသင့်ပါတယ်။ ယနေ့ ဖတ်ရတဲ့ ရှင်လုကာ ဧဝံဂေလိကျမ်းမှာ ဆေးကြောခြင်း လာခံကြတဲ့ အခွန်ခံသူတွေက တုန့်ပြန်ကြသလို "ငါတို့ ဘာလုပ်ရမလဲ" လို့ ရှင်ယောဟန်ဗတ္တိစ္စတားကို မေးကြပါတယ်။ ရှင်ယောဟန်ဗတ္တိစ္စတားက "သင်တို့အား သတ်မှတ်ထားသည်ထက် ပို၍အခွန်မကောက်ကြနဲ့။" လို့ မိန့်တော်မူပါတယ်။ ဒီလိုပါပဲ စစ်သားတွေ လာမေးတဲ့အခါမှာလည်း "သင်တို့သည် ခြိမ်းခြောက်ခြင်း၊ မဟုတ်မမှန်စွပ်စွဲခြင်းတို့ဖြင့် သူတစ်ပါးဥစ္စာကို မတရားလုမယူကြနဲ့" လို့ မိန့်တော်မူလိုက်ပါတယ်။ ကိုယ်ရတဲ့လခနဲ့ ကျေနပ်ရောင့်ရဲကြပါ ။ လာဘ်ပေးလာဘ်ယူနဲ့ မတရား မယူကြဖို့ မိန့်မှာပါတယ်။ အဲဒီလို ရိုးသားမှပဲ ကိုယ့်သြတ္တပ္ပစိတ်က ရှင်းပြီး ပျော်နိုင်တော့မှာပေါ့။

ဝမ်းမြောက်တယ်၊ ပျော်တယ်ဆိုတာ ဘုရားရဲ့ စိတ်နှလုံးသားအတိုင်း ဖြစ်လာမှ ဝမ်းမြောက်နိုင်တာပါ။ ချစ်ခြင်းမေတ္တာရှိတဲ့ဘုရားစိတ်နှလုံးသားအတိုင်း မဟုတ်ပဲ သင့်နှလုံးသားက မုန်းတီးနေရင်တော့ ဘယ်လိုမှ ဝမ်းမြောက်ဝမ်းသာ မဖြစ်နိုင်တော့ပါဘူး။

လူတွေက နောင်တရရုံတင်မကဘူး ပြုပြင်ပြောင်းလဲဖို့ လိုပါသေးတယ်။ ဘုရားက လူအားလုံးကို ခေါ်တော်မူတာက တစ်ယောက်ကိုတစ်ယောက် ချစ်ခြင်းမေတ္တာထားကြဖို့ ခေါ်တော်မူပါတယ်။ ကိုယ့်ကို ဘုရားက ခေါ်တော်မူထားတဲ့ဘဝအတိုင်း သစ္စာရှိရှိလျှောက်လှမ်းရပါမယ်။ ကိုယ်ရတဲ့လခနဲ့ ကျေနပ်ရောင့်ရဲရပါမယ်။ ကိုယ့်အာဏာ၊ ကိုယ့်ရာထူးကို အကြောင်းပြုပြီး သူတစ်ပါးအပေါ် အနိုင်မကျင့်ရပါဘူး။ ကိုယ့်အာဏာ/ကိုယ့်ရာထူးကို အလွဲသုံးစား မလုပ်ရပါဘူး။ အဲလို မတရား ရယူထားတဲ့ငွေနဲ့ စားမယ် ဝတ်မယ် နေမယ်ဆိုရင် အဲဒီလူက ဘယ်လိုလုပ် ပျော်နိုင်တော့မှာလဲ။

ဒါကြောင့် ယနေ့ကျမ်းစာတွေအားဖြင့် လူတွေ တကယ်ပျော်နိုင်ဖို့ ဘုရားက သင်ကြားပေးနေပါတယ်။တင်းတိမ်ရောင့်ရဲတတ်သူဟာ မနာလိုခြင်းမရှိလို့ ဝမ်းမြောက်တတ်ပါတယ်။

ဟုတ်ပါပြီ၊ ဘုရားက ကျနော်တို့ကို ဝမ်းမြောက်စေချင်လို့၊ ပျော်စေချင်လို့ အခုလို ကျမ်းစာတော်အားဖြင့် ညွှန်ကြားပေးနေလို့ ကျနော်တို့က ပျော်အောင် ဘယ်လိုနေထိုင်ရမလဲဆိုတာတော့ သိရပါပြီ။ အဲဒီညွှန်ကြားချက်အတိုင်း လိုက်နာနေထိုင်နိုင်ဖို့ ခွန်အားကျေးဇူးကို ဘယ်က ရနိုင်ပါသလဲ။ ကြွရောက်လာမည့် ကယ်တင်ရှင် ယေဇူးဘုရားရှင်က ကျနော်တို့ကို "မီးဖြင့်လည်းကောင်း၊ ဝိညာဉ်တော်အားဖြင့်လည်းကောင်း ဆေးကြောတော်မူလိမ့်မည်" တဲ့ ။ ဝိညာဉ်တော်ရဲ့ ခွန်အားကျေးဇူးတွေကို ရစေမယ်လို့ ဂတိတော် ပေးထားတဲ့ ယေဇူးဘုရားရှင်နဲ့ ပေါင်းစပ်ပါ။ ဝမ်းမြောက်စေမယ့် ကျင့်ကြံနေထိုင်ပုံတွေကို သင် ကျင့်ကြံအားထုတ်နိုင်ပါလိမ့်မယ်။ သင်ကိုယ်တိုင် ဝမ်းမြောက်ပျော်ရွှင်မှုကို ခံစားရပါလိမ့်မယ်။

ဒါကြောင့်လည်းပဲ ယေရှုဘုရားရှင်က သူ့ရဲ့တရားတော်ကို “ဝမ်းမြောက်ဖွယ်ရာသတင်းကောင်း”လို့ ခေါ်တွင်စေတာပါပဲ။

နားဆင်သူအားလုံးအပေါ် ဘုရားသခင့်ကောင်းကြီးမင်္ဂလာများ ခံစားကြရပါစေ။